## စိုက်ပျိုးရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ရည်ရွယ်၍ ဒုတိယအကြိမ် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ကို ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်

ဒုတိယအကြိမ်မြောက် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ Royal Taunggyi Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဖိုရမ်သည် ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြှင့်တင်နိုင်ရန်၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်နှင့် ရှမ်းပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်စေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။ အဆိုပါ ဖိုရမ်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲများ၊ စီးပွားရေးလုပ်ငန်းရှင်များအကြား ချိတ်ဆက် ဆွေးနွေးခြင်းများ၊ ဒေသထွက်ကုန်များနှင့် စက်မှုဇုန်များသို့ သွားရောက်လေ့လာခြင်းများ စသည့် အပိုင်း (၄) ပိုင်း ပါရှိပါသည်။

ဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ ပူးပေါင်း၍ ဂျာမနီဖြင့် ပူးပေါင်းဆောင်ရွက်မှု Deutsche Gesellschaft für Internationale Zusammenarbeit (GIZ)၏ ပါဝင်ကူညီမှုဖြင့် ကျင်းပခြင်း ဖြစ်ပါသည်။

အဆိုပါဖိုရမ်အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E Mr. Thomas Neisinger ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် ရှမ်းပြည်နယ်မှ စီးပွားရေး လုပ်ငန်းရှင်များ စုစုပေါင်း ၃၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အစီအစဉ်အရ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်၂၀၁၉ ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E Mr. Thomas Neisinger တို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။

ယင်းနောက်အခမ်းအနားအားဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခဲ့ပါသည်။ ထို့နောက် ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းမှ key note speech ပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E Mr. Thomas Neisinger မှ အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့ပါသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး ဆောင်ရွက်ချက်များဖြစ်သည့် Promotion Video Clip ၊ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး စီမံကိန်း နှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ Website တို့အား ရှင်းလင်း မိတ်ဆက်ခဲ့ကြပါသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်မှ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကိုလည်းကောင်း၊ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်မှ ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးဆိုင်ရာ အခွင့်အလမ်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရှိ စိုက်ပျိုးရေးပညာရှင် ဦးစိုင်းဖြိုးလွင်ဦးမှ 'ရှမ်းပြည်နယ်အတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအခြေအနေ'စသည့်ခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစိုင်းလုံကျော်၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ Fresh Studio မှ Country Director ဖြစ်သူ Ms. Esther Wintraecken၊ Genius Coffee မှ ဒါရိုက်တာဦးငွေထွန်း နှင့် Metro Wholesale Myanmar Ltd. မှ Chief Executive Officer ဖြစ်သူ Mr. Jens Michel တို့မှ အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ ဆက်လက်၍ ရှမ်းပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ နှင့် ဒေသတွင်း လုပ်ငန်းရှင်များပါဝင်သည့် တွေ့ဆုံပွဲကို ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ လုပ်ငန်းရှင်များမှ မိမိတို့ စိတ်ပါဝင်စားမှု ကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုဖိုရမ်သို့ ပါဝင်တက်ရောက်နေသူများသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အေးသာယာစက်မှုဇုန် အပါအဝင် ရင်းနှီးမြှုပ်နှံမှု အလားအလာ ရှိသောနေရာများသို့ သွားရောက် လေ့လာကြည့်ရှုကြမည် ဖြစ်ပါသည်။

ယခုဖိုရမ်သည် ရှမ်းပြည်နယ်တွင် ဒုတိယမြောက်အကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီး ပထမအကြိမ် ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲကို ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ Royal Taunggyi Hotel ၌ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။